# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

**ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ၅၀ ကြိမ်မြောက် အစည်းအဝေး**

## မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာမူဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်နှင့်ပက်သက်သည့် ထုတ်ပြန်ကြေညာချက်

**မြန်မာ**
**ဇူလိုင်လ ၈ရက်၊ ၂၀၂၂ ခုနှစ်**

မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာမူဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်တွင် ပါဝင်သော သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါသည်။ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ ဦးဆောင်မှုအတွက် ကျေးဇူးတင်ပါကြောင်းလည်း ထည့်သွင်းပြောကြားအပ်ပါသည်။

ဆုံးဖြတ်ချက်တွင်ပါရှိသည့်အတိုင်း လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များက ရိုဟင်ဂျာမူဆလင်များနှင့် အခြားလူနည်းစုများအပေါ် ကျူးလွန်ခဲ့သော လူ့အခွင့်ရေးချိုးဖောက်မှုများနှင့် နှိပ်စက်ညှဥ်းပန်းခြင်းများအပေါ် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချခြင်းနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် ပြည်သူလူထုအပေါ် စစ်တပ်က အရှိန်မြှင့် ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်မှုများနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်းများ၏ အကျိုးဆက်များအား အသိအမှတ်ပြုခြင်းတို့ကို မြန်မာနိုင်ငံအနေဖြင့် ထောက်ခံပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိတို့က တင်ပြခဲ့သည့်အတိုင်း အထက်ပါကျူးလွန်မှုများတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ပါဝင်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရက ကိုယ်စားပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ရိုဟင်ဂျာများနှင့် အခြားတိုင်းရင်းသား လူနည်းစုများအပေါ် သမိုင်းဝင်ချန်လှပ်ထားခဲ့သည့် ခွဲခြားဆက်ဆံသော မူဝါဒများ၊ အလေ့အထများနှင့် ကတိကဝတ်များက ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပေါ်လာစေသော အခြေခံအုတ်မြစ် ဖြစ်ခဲ့ခြင်းကို ရှက်ရွံ့ဖွယ်ရာကိစ္စကြီးတစ်ခုအဖြစ် မှတ်ယူပါသည်။ မြန်မာ့စစ်တပ်က နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုလျှက်ရှိသည့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် ၎င်းတို့အား နိုင်ငံတစ်ဝှမ်းတွင် ရက်စက်ကြမ်းကြုတ်မှုများကို တရားမဝင်စစ်အုပ်စုအောက်တွင် ကျူးလွန်ရန် ခွင့်ပြုပေးလျှက်ရှိသည်။

ဆုံးဖြတ်ချက်တွင် ပါရှိသည့်အတိုင်း အကြမ်းဖက်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအားလုံးကို အရေးယူရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကိုအသုံးပြုကာ မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် စသည့် တိုက်တွန်းချက်များကို မြန်မာနိုင်ငံအနေဖြင့် လိုက်လျှောစွာ ကြိုဆိုလိုက်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်ပါ တိုက်တွန်းချက်များဖြစ်သည့် အများပါဝင်နိုင်မှု၊ လူ့အခွင့်အရေးများနှင့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအားလုံး၏ ဂုဏ်သိက္ခာရှိမှုများအတွက် မြှင့်တင်ဆောင်ရွက်ရန်၊ ခွဲခြားဆက်ဆံမှုများနှင့် မုန်းတီးမှုများ ပျံ့နှံ့နေခြင်းအား ကိုင်တွယ်ဖြေရှင်းရန်နှင့် ရိုဟင်ဂျာမူဆလင်များနှင့် အခြားလူနည်းစုများအားလုံးအပေါ် အမုန်းပွားစေသော အမုန်းစကားများကို တားဆီးတိုက်ဖျက်ရန်တို့အား သဘောတူလက်ခံပါသည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အနေဖြင့်လည်း ၂၀၁၅ အမျိုးဘာသာကာကွယ်စောင့်ရှောက်ရေးဥပဒေများနှင့် ၁၉၈၂ နိုင်ငံသားဥပဒေများအပါအဝင် ခွဲခြားဆက်ဆံသည့် ဥပဒေများအား ပြင်ဆင်ရေးဆွဲရန် သို့မဟုတ် ဖျက်သိမ်းရန်အတွက် လိုအပ်သော အဆင့်များအားလုံးကို ဆောင်ရွက်သွားရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အခြားတိုင်းရင်းသားနှင့် ရိုဟင်ဂျာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများနှင့် ၎င်းတို့ကို ကိုယ်စားပြုသူများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ အားလုံးနှင့် အတူတကွပူးပေါင်း၍ ရိုဟင်ဂျာများအပါအဝင် ကြိမ်ဖန်များစွာဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် မိမိတို့ကျေးရွာများနှင့် အိုးအိမ်များမှ အတင်းအဓမ္မရွှေ့ပြောင်းခံခဲ့ရသည့် မြန်မာပြည်သူများအားလုံး ဘေးကင်းလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ မိမိသဘောဆန္ဒအတိုင်း နေရပ်ပြန်နိုင်စေရေးအတွက် အထောက်အကူပြုသည့် အခြေအနေများ ဖန်တီးပေးနိုင်ရန် ဆောင်ရွက်သွားပါမည်။

သို့သော် အထက်ဖော်ပြပါဆောင်ရွက်မှုများ ရေရှည်ဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် ဒီမိုကရေစီခိုင်မြဲစေခြင်း၊ အကြမ်းဖက်မှုများရပ်တန့်ခြင်းနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်အား အဆုံးသတ်ခြင်း တို့အပေါ် မူတည်နေပါသည်။

ဥရောပသမဂ္ဂက ဖော်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်သည် "စစ်တပ်၏ အာဏာသိမ်းမှုအား အသိအမှတ်ပြု၍ ရှုံ့ချရန် ပျက်ကွက်နေခြင်းဖြစ်သည်" ဆိုသောအချက်နှင့် ထိုသို့လုပ်ဆောင်ချက်၏ အကျိုးဆက်အနေဖြင့် "ရိုဟင်ဂျာနှင့် အခြားလူနည်းစုများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေများ ပိုမိုဆိုးရွားလာခြင်း ဖြစ်ပါသည်။" ဆိုသည့်အချက်ကို ထပ်တူ ထောက်ခံပါသည်။ ဤအချက်အား ကုလသမဂ္ဂမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့ကလည်း အထူးဖော်ပြခဲ့သည့်အတိုင်း လွန်စွာစိတ်ပူပန်မှုရှိနေပါသည်။

ယခုဆုံးဖြတ်ချက်တွင် နိုင်ငံတကာရာဇဝတ်မှုများနှင့် စပ်လျဉ်းသည့် ICC အခွင့်အာဏာအောက်ရှိ ရောမသဘောတူညီမှုကြေညာစာတမ်း Article 12 (3) အရ မြန်မာနိုင်ငံ၏တင်သွင်းထားချက် သို့မဟုတ် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက်အရ ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာအမှုအတွက်

နိုင်ငံတကာတရားရုံးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုထားခြင်း မရှိပါ။

မြန်မာပြည်သူများ၏ ပြတ်သားသော ထောက်ခံမှုများနှင့် ဒီမိုကရေစီမျှော်မှန်းချက်များကို ဆုံးဖြတ်ချက်က သိသိသာသာ ဖော်ပြထားခြင်းမရှိပါ။ ထို့အတွက်ကြောင့် လူ့အခွင့်အရေးကောင်စီနှင့် အဖွဲ့ဝင်နိုင်ငံများသည် မြန်မာပြည်သူများနှင့် ၎င်းတို့၏ မျှော်မှန်းချက်များကို တရားဝင်ကိုယ်စားပြုသော အမျိုးသားညီညွတ်ရေးအစိုးရ နှင့် တိုက်ရိုက်ချိတ်ဆက်၍ ဆုံးဖြတ်ချက်ထဲတွင် ပါရှိသည့်အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပံ့ပိုးပေးသင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် ကတိပြုထားသည့်အတိုင်း လူ့အခွင့်အရေးကောင်စီ၊ ၎င်း၏ ယန္တယားများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘောဆောင်သည့် ချိတ်ဆက် ဆောင်ရွက်မှုများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။